KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ**

၂၀၂၀ ခုနှစ် မတ်လ ၃၀ ရက်/KHRG စာအမှတ်-19-62-S1

---

# သထုံခရိုင် နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ: ကိုယ်ပိုင်ကုမ္ပဏီများ၏ မြေယာသိမ်းဆည်းမှုနှင့် လက်နက်ကိုင်များအကြားဖြစ်ပွားခဲ့သောတင်းမာမှုများ (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ မှ ဇွန်လအထိ)

---

*ဤအစီရင်ခံစာသည် သထုံခရိုင် သထုံမြို့နယ် နှင့် ကျိုက်ထိုမြို့နယ်များတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် ဇူလိုင်လ အတွင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်များကိုဖော်ပြထားသည်။ ၂၀၁၉ ခုနှစ် ဧပြီလ၊ သထုံမြို့နယ်တွင် တပ်မတော်စစ်သားများ မှကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သောကြောင့် ဒေသခံရွာသားများမှ လုံခြုံရေးအတွက် စိုးရိမ်ပူပန်ခဲ့ရသည်။ ကျိုက်ထိုမြို့နယ် ချောင်းပြန်ကျေးရွာအုပ်စုတွင် စူပါဝမ်းကုမ္ပဏီမှမြေသိမ်းယူခဲ့ သောကြောင့် နစ်နာသူ ၉ ဦးမှမြေများပြန်ရရန် ကြိုးစားနေဆဲရှိနေသည်။ ကျောက်ဖျာကျေးရွာမှရွာသားများသည် မြန်မာ့အင်ဝါးသုံးကုမ္ပဏီမှကျူးလွန်ခဲ့သော မြေသိမ်းယူမှုတစ်ခုကို တင်ပြခဲ့ပြီး ထိုကုမ္ပဏီ၏လုပ်ရှားမှုများသည် ရွာအ ပေါ်တွင် ဆိုးကျိုးသက်ရောက်မှုရှိမည်ကို စိုးရိမ်နေကြသည်။ ဝင်းကံကျေးရွာအုပ်စုတွင်ရှိသော ကျောင်းတစ်ကျောင်း သည် ကျောင်းသားဦးရေနှင့်မမျှသောကြောင့် ကျောင်းသားအချို့သည် ဘုန်းကြီးကျောင်းတွင် စာသွားသင်ရသည်။*

---

## သထုံမြို့နယ် KNU ထိန်းချုပ်နယ်မြေများအတွင်းသို့ တပ်မတော်ကျူးကျော်ဝင်ရောက်ခြင်း

တပ်မတော် စစ်ကွပ်ကဲရေးအခြေစိုက် (စကခ) ၈ လက်အောက်ခံ၊ ခြေမြန်တပ်မ (ခမတ) ၄၄ လက်အောက် ခံဖြစ်ကြသော ခြေမြန်တပ်ရင်း ၄၀၄ နှင့် ခြေမြန်တပ်ရင်း ၂၊ ခြေလျင်တပ်ရင်း (ခလရ) ၉ တို့မှ တပ်သားများ မှ KNU ထိန်းချုပ်နယ်မြေဖြစ်သော သထုံမြို့နယ် (ရောနောအုပ်ချုပ်နယ်မြေ) အတွင်းသို့ ကင်းလှည့်ဝင် ရောက်ခဲ့ကြသည်။

၂၀၁၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် စစ်ကွပ်ကဲရေးအခြေစိုက် (စကခ) ၈၊ ခြေမြန်တပ်ရင်း ၄၀၄ လက် အောက်ခံ စစ်ကြောင်း ၁ မှ တပ်သား ၃၅ ဦးသည် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ကို ကြိုတင်အကြောင်းကြားခြင်းမရှိပဲ ပိန္နဲတောကျေးရွာအုပ်စု၊ အ---ရွာသို့ဝင်ရောက်ခဲ့သည်။ ဗိုလ်မှူးကြီး မြ ခိုင်မှ ဦးဆောင်ပြီး စစ်ကား ၃ စီးဖြင့်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ဝင်ရောက်ခြင်းကို ရွာသားများမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကျင့်ဝတ်စည်းမျဉ်းများကိုချိုးဖောက် သည်ဟုယူဆကြသည်။ တိုက်ပွဲများတစ်ဖန်ပြန်ဖြစ်မည်ကို စိုးရိမ်ကြပြီး ရွာထဲတွင် မလုံခြုံကြောင်း ခံစားကြ ရသည်။

အ---ရွာမှရွာသားများသည် NCA လက်မှတ်မရေးထိုးခင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ခံစားခဲ့ရသော် လည်း ၂၀၁၅ ခုနှစ်အောက်တိုဘာလ နောက်ပိုင်းတွင် တိုက်ပွဲများရပ်စဲသွားသောကြောင့် ဝမ်းရေးအတွက်

သွားလာလုပ်ကိုင်နိုင်လာသည်။ တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် နှောင့်ယှက်မှုလည်း နည်းပါးလာသည်။ သို့သော် တပ်မတော်တပ်သားများ၏ KNU ထိန်းချုပ်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ကင်းလှည့်မှုများကြောင့် ရွာသားများသည် ၎င်းတို့ခြံမြေများအတွင်းသို့ သွားရောက်လုပ်ကိုင်ရန် မလုံခြုံကြောင်းခံစားကြရသည်။

၂၀၁၉ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ခြေမြန်တပ်ရင်း ၂ နှင့် ခလရ ၉ မှတပ်သား ၅၂ ဦးမှ သထုံမြို့နယ်၊ ၄က်ပျောတောကျေးရွာအုပ်စု၊ ပ---ရွာသို့သွားရောက်ခဲ့ကြသည်။ စစ်ကြောင်း ၂ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်သန်းမှဦးစီးပြီး စစ်ကား ၃ စီးဖြင့်သွားခဲ့ခြင်းဖြစ်သည်။ ထိုစစ်ကြောင်းမှ KNU ထိန်းချုပ်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုကြောင့် ရွာသားများစိုးရိမ်နေကြသည်။ မြန်မာအစိုးရမှ NCA ကိုလက်မှတ် ရေးထိုးထားသော်လည်း တပ်မတော်မှအင်အားပြရန် ဒေသခံနယ်မြေများအတွင်းသို့ဝင်ရောက်ကြသည်။ NCA မှ ငြိမ်းချမ်းရေးအနည်းငယ်ယူဆောင်လာပြီး ဝမ်းရေးအတွက် လုပ်ကိုင်လာနိုင်သောကြောင့် ရွာသားများမှာ တိုက်ပွဲများ တစ်ဖန်ပြန်လည်မဖြစ်ပွားရန် မျှော်လင့်နေကြသည်။

**မြန်မာ့အင်ဝါးသုံးကုမ္ပဏီမှ ကျိုက်ထိုမြို့နယ်အတွင်းမြေယာသိမ်းယူခြင်း**

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအစောပိုင်းတွင် မြန်မာ့အင်ဝါးသုံးကုမ္ပဏီမှ ကျိုက်ထိုမြို့နယ်၊ ကျောက်ဖျာကျေးရွာ အုပ်စု၊ ဗ---ရွာတွင် ကျောက်တူးဖော်မှုနှင့် လမ်းဖောက်လုပ်မှုများ စတင်လုပ်ဆောင်ခဲ့ကြသည်။ ကုမ္ပဏီပိုင်ရှင်မှာ အေးလယန်ဖြစ်ပြီး မန်နေဂျာမှာ အန်းဝင်းဖြစ်သည်။ အလုပ်သမား ၅၀ ဦး ခန့်ရှိသည်။

ကုမ္ပဏီမှ ရွာတွင်းသို့ဝင်ရောက်ပြီး ကျောက်တူးဖော်ခြင်းနှင့် လမ်းဖောက်လုပ်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ချိန်တွင် ရွာသားများနှင့် ရပ်ရွာခေါင်းဆောင်များကို ကြိုတင်အသိပေးခြင်းများမရှိပါ။ ကုမ္ပဏီ၏ အစီအစဉ်မည်ကဲ့သို့ရှိသည်ကို ရွာသားများမသိရပါ။ ထို့ကြောင့် ရွာသားများမှာ တွေ့ဆုံမေးမြန်းမှုလုပ်ရန် ငြင်းဆန်ခဲ့ကြပြီး မိမိတို့ မြင်ခဲ့ကြားခဲ့သည့်အရာများကိုသာ တင်ပြခဲ့ကြသည်။ ယခုအချိန်တွင် ထိုကုမ္ပဏီသည် ရွာအတွင်း(၇)လကျော်လုပ်ငန်းလုပ်ဆောင်လာခဲ့ပြီးသော်လည်း ဒေသခံရွာသားများအပေါ် သက်ရောက်မှုများစွာမရှိသေးပါ။ သို့သော် ရွာသားများမှာ လုပ်ငန်းခွင်နှင့် အနေနီးသောကြောင့် ၎င်းတို့၏လူနေမှုအဆင့်အတန်းအပေါ် သက်ရောက်မှုရှိမည်ကို စိုးရိမ်ကြသည်။

ကုမ္ပဏီသည် ရွာသားများပိုင်သောမြေ(၁၁၅ ဧက ခန့်) သိမ်းယူခဲ့ပြီး အခြားမြေများကိုလည်း ဈေးပေါပေါဖြင့်ဝယ်ယူခဲ့သည်။ KHRG ကွင်းလုပ်သားမှ ကျိုက်ထို KNU သစ်တောအုပ်ချုပ်ရေးမှူး စောအ---ကို တွေ့ဆုံမေးမြန်းခဲ့ရာ ထိုကုမ္ပဏီသည် ဒေသအတွင်း ၂၀၁၅-၂၀၁၆ ခုနှစ်များမှစတင်ကာ ရင်းနှီးမြှုပ်နှံမှုများလုပ်ခဲ့ကြောင်းပြောကြားခဲ့သည်။ သို့သော်လည်းထိုနှစ်များတွင် လုပ်ငန်းစတင်လုပ်ကိုင်ခြင်းများမရှိခဲ့ပါ။ အချို့သောရွာသားများသည် ၎င်းတို့၏မြေများကို ကုမ္ပဏီအားရောင်းပေးခဲ့သည် (ကုမ္ပဏီမှသိမ်းယူမည် စိုးရိမ်ကြသောကြောင့် ဈေးပေါပေါဖြင့် ရောင်းပေးခဲ့ကြသည်)။ ကုမ္ပဏီမှရွာအတွင်းငွေကြေးစတင်ရင်းနှီးမြှုပ်နှံချိန်တွင် KNU မြို့နယ်အုပ်ချုပ်ရေးနှင့် ရွာသားအချို့မှာ မည်သည့်အကြောင်းအရာကိုမှမသိရပါ။ ကုမ္ပဏီမှဒေသအတွင်းလုပ်ငန်းလုပ်ဆောင်ရန် မဲရုံကြီး အုပ်ချုပ်ရေးမှူး မိုးမြင့်ဦးနှင့် ကဒိုင်ဒွတ်အုပ်ချုပ်ရေးမှူး ဦးခင်စိုးတို့ထံမှ ခွင့်ပြုချက်ရယူခဲ့သည် (နှစ်ဦးစလုံး မှာမြန်မာအစိုးရဝန်ထမ်းများဖြစ်သည်)။ KNU သစ်တောအုပ်ချုပ်ရေးမှူးမှ ကုမ္ပဏီသည် ကျောက်တူးဖော်ရေးနှင့် လမ်းဖောက်လုပ်ရေးအပြင် အခြားသောရည်ရွယ်ချက်များရှိကြောင်း ပြောကြားခဲ့သည်။ *"ပြောလို့မရသေးဘူး။ သေချာမသိရသေးလို့။ အခြားလူတွေ (KNU တာဝန်ရှိသူများ) လည်း ဒီကုမ္ပဏီရဲ့လုပ်ငန်းတွေကို စုံစမ်းစစ်ဆေးနေတယ်"* ဟု၎င်းမှပြောကြားခဲ့သည်။






အထက်ပါဓာတ်ပုံများကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ချောင်းပြန်ကျေးရွာအုပ်စု၊ ယ---ရွာတွင် ရိုက်ယူခဲ့သည်။ မြန်မာ့အင်ဝါးသုံးကုမ္ပဏီမှ ပြုလုပ်သော ကျောက်တူးဖော်ရေးနှင့် လမ်းဖောက်လုပ်မှု လုပ်ငန်းများကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

## စူပါဝမ်းကုမ္ပဏီမှ ကျိုက်ထိုမြို့နယ်အတွင်းတွင် မြေယာသိမ်းယူခြင်း

၂၀၁၂ ခုနှစ်တွင် စူပါဝမ်းကုမ္ပဏီမှ ကြံစိုက်ပျိုးရေးလုပ်ရန် ကျိုက်ထိုမြို့နယ်၊ ချောင်းပြန်ကျေးရွာ အုပ်စု၊ ယ---ရွာတွင် ရွာသား ၉ ဦးပိုင်းသောမြေ ၆၄ ဧကကိုသိမ်းယူခဲ့သည်။ မြေသိမ်းခံရသူ ရွာသားအများစုမှာ KNU မြေယာပိုင်ဆိုင်မှုလက်မှတ်များရှိပြီး အချို့မှာ KNU မြေယာပိုင်ဆိုင်မှု လက်မှတ်နှင့် မြန်မာအစိုးရမြေယာပိုင်ဆိုင်မှုလက်မှတ်နှစ်ခုစလုံးရှိကြသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် KHRG ကွင်းဆင်းလုပ်သားမှ မြေသိမ်းခံရသူထဲမှတစ်ဦးဖြစ်သော စောဒ---ကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဝ---ကျေးရွာအုပ်ချုပ်ရေးမှူးကိုလည်းတွေ့ဆုံမေးမြန်းခဲ့သည်။ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များအတွင်း ပြောင်းလဲမှုများရှိမရှိကို ၎င်းတို့အား မေးမြန်းခဲ့သည်။

စောဒ---ထံ ဘီးလင်းမှ ရဲအရာရှိတစ်ဦးရောက်လာပြီး မြေသိမ်းခံရသူရွာသားများနှင့် အစည်းအဝေး တစ်ခုကိုစီစဉ်ခဲ့ကာ ဖြစ်ပေါ်နေသော မြေပြဿနာများကို မေးမြန်းခဲ့သည်ဟု ပြောကြားခဲ့သည်(အစည်းအဝေးပြုလုပ်ခဲ့သောရက်စွဲအတိအကျကို KHRG မှမသိရပါ)။ မြေသိမ်းခံခဲ့ရသူရွာသားများသည် ကုမ္ပဏီမှ မြေသိမ်းခဲ့သည့်အကြောင်းကိုတင်ပြခဲ့သည်။ ရဲအရာရှိမှ ရွာသားများမြေပြန်ရမည်ဟုဆိုခဲ့သော်လည်း ဘယ်တော့ပြန်ရမည်ကိုမသိရပါ။ ကျေးရွာအုပ်ချုပ်ရေးမှူးမှလည်း ကုမ္ပဏီမှမြေသိမ်းခံရသူ ရွာသားနှစ်ဦးနှင့် တွေ့ဆုံစည်းဝေးရန် တောင်းဆိုခဲ့သည်ဟုဆိုသည်။ အစည်းအဝေးကို တက်ရောက်ရန် စောဒ---နှင့် စောလ---တို့ ရွေးချယ်ခံခဲ့ရသည်(အစည်းအဝေး အချက်အလက်များကို KHRG မှမရယူနိုင်ခဲ့ပါ)။

ကျေးရွာအုပ်ချုပ်ရေးမှူးမှရွာသား ၉ ဦးစလုံးမြေပြန်ရသည့်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဆိုခဲ့သည်။ မြေများပြန်လည်ပေးအပ်ခြင်းများမရှိသေးသော်လည်း ဤအစီရင်ခံစာပြုစုနေချိန်တွင် ရွာသားနှစ်ဦးမှာ ၎င်းတို့မြေပေါ်တွင် ပြန်လည်လုပ်ကိုင်နေပြီဖြစ်သည်။ အခြားရွာသားများမှာ ထိုမြေကိစ္စအား ဖြေရှင်းပြီးသည့် အထိစောင့်နေကြသည်။







အထက်ပါဓာတ်ပုံ ၂ ပုံကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ချောင်းပြန်ကျေးရွာအုပ်စုတွင်ရိုက်ကူးခဲ့ကြသည်။ စူပါဝမ်းကုမ္ပဏီမှ သိမ်းယူထားသော မြေအချို့ကို ဖော်ပြထားသည်။ အချို့သောမြေပေါ်တွင် အလုပ်သမားများမှ ကြံများစိုက်ပျိုးထားပြီး အခြားမြေများတွင်လည်း ရေကျသွားသည့်အချိန်တွင် ထပ်မံစိုက်ပျိုးသွားရန်အလားအလာရှိသည်။ *(ဓာတ်ပုံ - KHRG)*

## ကျိုက်ထိုမြို့နယ်တွင် ပညာရေးအဆောက်အဦးနည်းပါးခြင်း

၂၀၁၈ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် KHRG ကွင်းဆင်းလုပ်သားမှ စ---ကျေးရွာသူကြီး စောအ---ကို ကျိုက်ထိုမြို့နယ်၊ ဝင်းကံကျေးရွာအုပ်စု၊ စ---ကျေးရွာတွင်တွေ့ဆုံမေးမြန်းခဲ့သည်။ ရွာမှာကြီးမားလာပြီး ရွာသားဦးရေလည်းများလာသည်။ ရွာတွင်းရှိသောမူလတန်းကျောင်းမှာ သေးငယ်သည့်အတွက် ကျောင်းသားများအားလုံးကို ကျောင်းတွင် စာသင်ရန် မဆံ့တော့ပေ။ ထို့ကြောင့် ၂၀၁၇ ခုနှစ်မှစတင်ပြီး ကျောင်းသားအချို့မှာ ရွာတွင်ရှိသော ဘုန်းကြီးကျောင်းတွင် စာသွားသင်းယူရသည်။ ကျေးရွာလူထုမှ ကျောင်းဆောက်ပေးရန် မြန်မာအစိုးရကို တောင်းဆိုသော်လည်း အဖြေမရခဲ့ပါ။ ယခုအချိန်တွင် မြန်မာအစိုးရမှဘုန်းကြီးကျောင်းတွင် ကျောင်းဆရာ တစ်ဦးနှင့်ဆရာမတစ်ဦးခန့်ပေးထားသည်။







အထက်ပါပုံများကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဝင်းကံကျေးရွာအုပ်စု၊ စ---ရွာတွင်ရိုက်ယူခဲ့သည်။ ဘယ်ဘက်တွင်ရှိသောဓာတ်ပုံသည် ရွာတွင်ရှိသော မူလတန်းကျောင်းပုံဖြစ်သည်။ ညာဘက်တွင်ရှိသော ဓာတ်ပုံသည် ဘုန်းကြီးကျောင်းအတွင်း စာသင်နေရသော ကျောင်းသူကျောင်းသားများပုံကိုဖော်ပြထားသည်။ *(ဓာတ်ပုံ : KHRG )*